# မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ မာဇူကီး ဒါရူစမန်း မှ "မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာနှင့် တခြား လူနည်းစုများ၏ လူ့အခွင့်အရေး အခြေအနေ"ဆိုင်ရာ လူ့အခွင့်အရေးကောင်စီ အထူးအစည်းအဝေးပွဲသို့ ထုတ်ပြန်ချက်

သမ္မတမှူးကြီး၊ မဟာမင်းကြီး၊ အထူးကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ဂုဏ်သရေရှိ အမျိုးသမီး၊ အမျိုးသားများ ခင်ဗျား။ ။

ကျွမ်းကျင်ပညာရှင် မစ် ရဒီကာ ကူမရာဆွာမိ နှင့် မစ်စတာ ခရစ္စတိုဖာ စီဒိုတီ တို့၏ ကိုယ်စား၊ ကျွန်တော်က မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့၏ ဥက္ကဋ္ဌအနေနှင့် အထူးအစည်းအဝေးပွဲသို့ ယခုလို ပြောကြားခွင့်ရသည့်အတွက် ဂုဏ်ယူမိပါသည်။ အချက်အလက် ရှာဖွေရေးမစ်ရှင်း၏ ချိန်းဆိုထားပြီးသားဖြစ်သော သွားလာမှုကိစ္စများကြောင့် ကျွန်တော် လူကိုယ်တိုင် အစည်းအဝေးကို မတက်ရောက်နိုင်သည့်အတွက်လည်း ဝမ်းနည်းမိပါသည်။

စက်တင်ဘာလတုန်းက ကောင်စီအား ကျွန်တော်တို့ လုပ်ငန်း၏ သတ်မှတ်ချက်များနှင့် လိုက်နာသွားမည့် နည်းစနစ်တို့ကို တင်ပြခဲ့ပါသည်။ အဲဒီအချိန်က လူ့အခွင့်အရေးဆိုင်ရာ အချက်အလက်ရှာဖွေရေးတွင် အကောင်းဆုံးအနေနှင့် သတ်မှတ်ထားသော အပြည်ပြည်ဆိုင်ရာ စံချိန်များကို လိုက်နာသွားမည်ဟု ပြောပြထားသည့် အတိုင်း၊ ကျွန်တော်တို့ လက်ရှိ လုပ်ဆောင်လျက် ရှိပါသည်။ ကျွန်တော်တို့၏ လွတ်လပ်ရေး နှင့် ဓမ္မဓိဋ္ဌာန်ကျရေးတို့ကို ဆက်လက်၍ ထိန်းသိမ်းဆောင်ရွက်သွားပါမည်။ အထောက်အထားရှိသည့် နေရာများသို့ ကျွန်တော်တို့ လိုက်ပါမည်။

ယခုလောလောဆယ် ဖြစ်နေသော ပဋိပက္ခတွင် ကြီးကြီးမားမား အင်အားဆိုက် နေသော်လည်း ကျွန်တော်တို့ အလေးထားသည့် အချက်အချာမှာ (၂၀၁၁) ခုနှစ်မှစ၍ မြန်မာ တနိုင်ငံလုံးအတွင်း၌ ဖြစ်ပွားခဲ့သော စွပ်စွဲချက်များဆိုင်ရာ အချက်အလက်နှင့် အခြေအနေတို့ ဖြစ်ပါသည်။ အခြေအနေကို သူ့နေရာနှင့်သူ၊ စနစ်တကျ၊ မှန်မှန်ကန်ကန် အကဲဖြတ်ထားသည့် အပြီးသတ်အစီရင်ခံစာကို ကောင်စီအား တင်ပြနိုင်ရန် ကျွန်တော်တို့ ရည်ရွယ်ပါသည်။

ကျွန်တော်တို့သည် မကြာသေးမီက  အများပြည်သူထံမှ တင်ပြချက်များ ခေါ်ဆိုချက် ပြုလုပ်ခဲ့ပါသည်။ သက်ဆိုင်သော အချက်အလက် ပိုင်ဆိုင်သူ အားလုံးကို ကျွန်တော်တို့၏ ခေါ်ဆိုချက်အား အကြောင်းပြန်ရန် တိုက်တွန်းလိုက်ပါသည်။

ကျွန်တော်တို့က မြန်မာနိုင်ငံနှင့် ဆက်ဆံရေး ရရှိရန် ကြိုးစားနေဆဲ ဖြစ်ပါသည်။ ကျွန်တော်တို့ကို နိုင်ငံတွင်း အပြည့်အဝ၊ ကန့်သတ်မှုမဲ့ ဝင်ရောက်လာခွင့်ပေးရန် တောင်းဆိုပြီးသားဖြစ်ပါသည်။ ဤတောင်းဆိုချက်အား (၂၀၁၈) အစောပိုင်းတွင် ရရှိနိုင်မည်ဟု ဆက်လက် မျှော်မှန်းလျက် ရှိပါသည်။

သို့သော်လည်း၊ ဤကဲ့သို့ နိုင်ငံတွင်း ဝင်ခွင့် မရှိသည့်အတွက်၊ မြန်မာအစိုးရ၏ ထင်မြင်ချက်ကို ကျွန်တော်တို့ မသိနိုင်တာက လွဲ၍၊ ကျွန်တော်တို့၏ လုပ်ဆောင်ချက်များအား ထိခိုက်ခြင်း မရှိပါ။ ကျွန်တော်တို့က အရာရောက်သော အကြောင်းအရာများကို နိုင်ငံ့အပြင်မှ ကောက်ယူခဲ့ပြီး၊ ဆက်လက် စုဆောင်းနေဆဲ ဖြစ်ပါသည်။ ကျွန်တော်တို့သည်  ကော့ဘဇား အနားရှိ ယာယီစခန်း နှင့် တခြားနေရာများတွင် ရိုဟင်ဂျာလူမျိုးများနှင့် တခြားအုပ်စုများအား အသေးစိတ် အင်တာဗျူးများ မေးမြန်းခဲ့ပြီး ဖြစ်ပါသည်။

သမ္မတမှူးကြီးခင်ဗျား။ ။

ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေတို့က ကျွန်တော်တို့ကို ရိုဟင်ဂျာလူမျိုးတွေအပေါ်၊ အထူးသဖြင့် ဩဂုတ်လမှစ၍၊ အလွန်အကျွံ ဆိုးဆိုးရွားရွား ကြမ်းတမ်းမှုများ ပြုလုပ်ခဲ့ကြောင်း ပြောပြခဲ့ပါသည်။ ကျွန်တော်တို့သည်  သတ်ဖြတ်ခြင်းများ၊ ထင်ချင်ထင်တိုင်း အကျဉ်းချခြင်းများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ လူများ ပျောက်ကွယ်သွားခြင်း နှင့် ရွာစုများအလုံးလိုက် မီးရှို့ခြင်းတို့ ရှိခဲ့သည်ဟု စွပ်စွဲပြောဆိုသော သက်သေထွက်ဆိုချက် များစွာကို ကြားခဲ့ရပါသည်။ ကျွန်တော်တို့ ထင်မြင်ချက်အရ  အသက်ဆုံးရှုံးခဲ့ရသော လူဦးရေပေါင်း တကယ့်ကို အရမ်း များပြားနိုင်သည်ဟု စိုးရိမ်မိပါသည်။

ကျွန်တော်တို့ကို စိတ်သောက ဖြစ်စေရဆုံးသော ထိတွေ့မှုများမှာ ယာယီစခန်းအတွင်းရှိ လူဦးရေ စုစုပေါင်း၏ ထက်ဝက်ကျော်သော ကလေးများနှင့် တွေ့ဆုံရခြင်း ဖြစ်ပါသည်။ သူတို့တွေက ကျွန်တော်တို့အား သူတို့၏ အဖေကို သတ်ဖြတ်ခြင်းများ၊ အမေ၊ အမ၊ ညီမတို့အား မုဒိန်းကျင့်ခြင်း နှင့် ညီအကို မောင်နှမများအား အသေမီးလောင်အောင် ရှို့ခဲ့ခြင်း တို့အား မြင်တွေ့ခဲ့ကြရကြောင်း ပြောပြခဲ့ပါသည်။ ကျွန်တော်တို့ တွေ့ဆုံခဲ့သော ကလေးတစ်ယောက်မှာ အသက် ၁၂ နှစ် အရွယ်သာရှိပြီး၊ လူကြီးမိဘ တစ်ယောက်မှ မပါဘဲ၊ အသက် ၄ နှစ်မှ ၁၀ နှစ် အရွယ်ရှိကြသော သူ့ညီအစ်ကို မောင်နှမ ၄ ယောက်ကို တစ်ကိုယ်တည်း ယာယီစခန်းတွင် တာဝန်ယူ ကြည့်ရှုပေးနေသူ ဖြစ်သည်။ ဤကလေးက သူ့မိဘနှင့် ညီမငယ်လေး တစ်ယောက် အသတ်ခံရခဲ့ကြောင်း ကျွန်တော်တို့ကို ပြောပြပါသည်။

မိန်းကလေးငယ်များအား မုဒိမ်းကျင့်ခြင်း၊ မုဒိမ်းကျင့်ပြီးသောအခါ လည်ပင်းကို ဖြတ်ထားခဲ့ခြင်း၊ မီးလောင်ပြီး သေအောင် မီးရှို့ခဲ့ခြင်း၊ သို့မဟုတ် အုပ်စုလိုက် တပြိုင်တည်း မိန်းကလေး အသက်သေသည့် အချိန်အထိ မုဒိန်းကျင့်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သက်သေထွက်ဆိုချက်များထံမှ ကြားသိခဲ့ရသည်။ သစ်တောဂနိုင်များတွင် အစုလိုက် အပြုံလိုက် မုဒိမ်းကျင့်မှုများ နှင့် အကျူးလွန်ခံရသူများအား ကိုယ်လက်

အင်္ဂါ ဖြတ်တောက်ခဲ့ခြင်းတို့ ရှိခဲ့သည်ဟု အမျိုးသမီးများက ပြန်လည် ပြောပြကြသည်။ တချို့ဖြစ်ရပ်များတွင် ကျူးလွန်ခဲ့သော နေရာများမှာ စစ်တန်းလျားများ ဖြစ်ကြောင်း စွပ်စွဲပြောဆိုခဲ့ကြသည်။ အချက်အလက် ရှာဖွေရေးမစ်ရှင်းမှ မေးမြန်းခဲ့သူများ အားလုံးၐ ပြင်းထန်စွာ စိတ်ဒဏ်ရာရခဲ့ကြသည့် အရိပ်လက္ခဏာများကို တွေ့ရှိနိုင်သည်။

စွပ်စွဲချက်များမှာ အများအပြားဖြစ်ပြီး၊ အများစုသည် အလွန်အကျွံ ဆိုးရွားမှုများ ဖြစ်ကြသည်။ တချို့က မျိုးဖြုတ်ခြင်း (ဂျန်နိုဆိုက်)နှင့် လူသားတမျိုးနွယ်လုံး အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ (Crimes against humanity) ဖြစ်ပျက်ခဲ့သည်ဟု ကောက်ချက်ချကြသည်။ ကျွန်တော်တို့ အနေနှင့် ၎င်းကိစ္စများအပေါ် အပြီးသုံးသပ်ချက်များ မပြုလုပ်ရသေးသော်လည်း၊ ဤစွပ်စွဲချက်များကို အလေးအနက် သဘောထားပြီး၊ အသေးစိတ် စုံစမ်းလျက် ရှိပါသည်။

သမ္မတမှူးကြီးခင်ဗျား။ ။

မကြာသေးမီက ဖြစ်ပျက်ခဲ့သော အကြမ်းဖက်မှုများသည် တချို့အုပ်စုများ၊ အထူးသဖြင့် ရိုဟင်ဂျာများ အပေါ် ထိခိုက်စေသော အမုန်းစကားများအား ပုံမှန်အနေနှင့် လက်ခံထားသော ပတ်ဝန်းကျင်တွင် ပေါ် ပေါက်ခဲ့ခြင်း ဖြစ်သည်။ မြန်မာပြည်တွင်းရှိ လူမှုကွန်ယက်များတွင် ရိုဟင်ဂျာ လူမျိုးများအား မကြာခဏ ပစ်မှတ်ချ၍ လူမျိုးစုတစ်စုကို လူ့ဂုဏ်သိက္ခာ ကင်းမဲ့စေသော အမနာပ၊ အရိုင်းစကား ပြောဆိုမှုများ ပိုမိုများပြားလာခြင်း၊ လူမျိုးစု နှင့် ဘာသာရေးဆိုင်ရာ အမုန်းတရားများ ကြီးထွားလာရန် လှုံ့ဆော်နေခြင်းတို့ကို ကျွန်တော်တို့ အထူး စိတ်ပူမိပါသည်။

၎င်းတို့ကို ယခုချက်ချင်း ရပ်တန့်ပါ။ အစိုးရအနေနှင့် လူမျိုးတမျိုးလုံးအား "အစွန်းရောက်" "အကြမ်းဖက်သမား"များ ဟုခေါ်ဆိုခြင်းကို ရပ်တန့်ပါ။

သမ္မတမှူးကြီးခင်ဗျား။ ။

မကြာသေးမီက ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ထွက်ပြေးလာသည့် ဒုက္ခသည်များနှင့် တွေ့ဆုံမေးမြန်းစဉ် အချက်အလက် ရှာဖွေရေး မစ်ရှင်းမှ  သူတို့ကို အနာဂတ်အတွက် ဘာအလိုရှိသလဲဟု မေးမြန်းခဲ့ပါသည်။ အကြမ်းဖျင်းအားဖြင့် သူတို့က  မြန်မာပြည်ကို ပြန်လိုကြသည်၊ သို့ပေမယ့်၊ ကိုယ်ရေးကိုယ်တာလုံခြုံမှု ရှိပြီး လူ့အခွင့်အရေးများ အကာအကွယ်ရနိုင်မည်ဟု အာမခံချက်ရှိမှ ဖြစ်သည်။ သူတို့၏ နိုင်ငံသားဖြစ်ရပ်နှင့် အမျိုးအနွယ်နာမည်အား အသိအမှတ်ပြုခြင်း၊ သူတို့၏ နဂိုနေထိုင်ခဲ့သော ကျေးရွာများသို့ ပြန်လာခွင့် နှင့် အဖျက်ဆီးခံခဲ့ရသော ပစ္စည်းဥစ္စာများအား လျော်ပေးခြင်း တို့ကို တောင်းဆိုကြပါသည်။

တချို့လူများကတော့ မြန်မာပြည်သို့ ပြန်ရန် မတွေးရဲပါ၊ ဘာကြောင့်လဲဆိုတော့ ပြန်သွားရန် သူတို့ အတွက်အိမ်များလဲ မရှိတော့ပါ၊ အနာဂတ်လဲ မရှိတော့ပါ၊ တခြားဘာမှလဲ မရှိတော့သည့် အတွက်ပါ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းရှိ ယာယီစခန်းများတွင် နေရပ်စွန့်ခွာသူများ ပြန်လာရေးအတွက် ၂နိုင်ငံ သဘောတူညီချက်အစီအစဉ် အတည်ပြုပြီးကြောင်း သတင်းပျံ့နေသောကြောင့် ၎င်းနေရာရှိ ရိုဟင်ဂျာလူမျိုးများက သူတို့ထွက်ပြေးလာခဲ့သည့် အခြေအနေများသို့ ပြန်ပို့ခံရမည်ကို အလွန်အမင်း စိုးရိမ်ပူပန်နေကြသည်။ ကျွန်တော်တို့အနေနှင့် သက်ဆိုင်ရာ ၂နိုင်ငံလုံးအား သူတို့ ပူပန်မှုတွေကို စိတ်သက်သာရာရစေရန် အကြောင်းပြ ဖြေရှင်းပေးကြပါဟု တိုက်တွန်းလိုက်ပါသည်။

သို့သော်၊ ကျွန်တော်တို့ရရှိထားသည့် အချက်အလက်များအရ သူတို့ ပူပန်မှုတွေသည် လက်တွေ့ကျကြောင်း သိရသည်။ မောင်တော နှင့် ဘူးသီးတောင် မြို့နယ်များ၌ ပစ္စည်းဥစ္စာများကို မီးရှို့ခြင်းများ ဆက်လက် ဖြစ်ပွားနေဆဲရှိပြီး၊ လက်တလောဆုံး နိုဝင်ဘာလ ၂၅ရက်နေ့အထိ မီးလောင်မှုများကို တွေ့ရှိနေရကြောင်း ယုံကြည်စိတ်ချရသော အချက်အလက်များအရ ကျွန်တော်တို့ သိရှိရသည်။

သမ္မတမှူးကြီးခင်ဗျား။ ။

ကျွန်တော်က စွပ်စွဲချက်အများအပြားကို ခြေရာပြပြီး ဖြစ်သည်။ အခုတင်ပြခဲ့သော အကြောင်းအရာများမှာ ကျွန်တော်တို့ စုဆောင်းနေသည့် အချက်အလက်များ၏ တစ်စိတ်တစ်ပိုင်းသာ ဖြစ်သည်။ ရရှိထားသည့် အချက်အလက်တစ်ခုကိုမှ ကျွန်တော်တို့က တန်ဖိုးရင်းအနေနှင့် မသတ်မှတ်ထားပါ။ ကျွန်တော်တို့၏ လုပ်ပိုင်ခွင့်မန်ဒိတ်ကို လိုအပ်သည့် စွမ်းအားဖြင့် ဖြည့်ဆည်းနိုင်ရန်၊ ဘက်မျိုးစုံကို နားထောင်ရန် နှင့် အချက်အလက်များကို မှန်မမှန် တည်းဖြတ်ရန် ရှိသမျှ လုံ့လစိုက်၍ ကြိုးစားနေဆဲ ဖြစ်ပါသည်။ ကျွန်တော်တို့၏ ရှာတွေ့ချက်များကို အချိန်တန်သည့်အခါ တင်ပြသွားပါမည်။

သို့ပေမယ့်၊ အရေးပေါ်လုပ်ရပ်များ အချို့နေရာများတွင် ယခုချက်ချင်းလိုအပ်နေပါသည်။

- ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော အကြမ်းဖက်မှုကို ချက်ချင်း ရပ်တန့်ပါ။ ထပ်မဖြစ်ရန် ယုံကြည်လောက်သော အာမခံချက်များချပါ။
- အမုန်းစကား နှင့် အကြမ်းဖက်မှုပြုလုပ်ရန် လှုံ့ဆော်ချက်များ ပိုမိုများပြားလာခြင်းကို ဆန့်ကျင်ရန် အစိုးရဘက်မှ တရားဝင်၊ နိုင်ငံတဝှမ်းလုံးဆိုင်ရာ စည်းရုံးလှုံ့ဆော်ခြင်းများ ပြုလုပ်ပါ။
- နေရပ်ပြန်ပို့ခြင်းကို လုံခြုံရေးနှင့် လူ့အခွင့်အရေး အကာအကွယ်ရှိသည်ဟု အာမခံပြီး၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအခြေအနေ စောင့်ကြည့်သူများ၊ သက်ဆိုင်သော ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်မှသာ လုပ်ဆောင်ပါ။ အတင်းအကျပ် နေရပ်ပြန်ပို့ခြင်းကို လုံးဝမဖြစ်စေပါနှင့်။ ထိုကဲ့သို့ မသင့်လျော်သော နေရာများ၊ အိုင်ဒီပီ (IDP) စခန်းများသို့

ပြန်ပို့ခြင်းလည်း မပြုသင့်ပါ။ ပြန်လာသူများကို ကျူးလွန်မှုများ ပြန်လည်ပြုမူခြင်းကိုလည်း ရှောင်ကြဉ်ပါ။

သမ္မတမျှးကြီးခင်ဗျား။ ။

သက်ဆိုင်သော ဝန်ကြီးဌာနများနှင့် လုံခြုံရေးတပ်ဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင် ဖွဲ့စည်းထားသော အထူးလုပ်ငန်းအဖွဲ့ တစ်ဖွဲ့ မှ တဆင့် မြန်မာက မိမိတို့နှင့် အဆက်အသွယ် ပြုပါရန် အချက်အလက် ရှာဖွေရေးမစ်ရှင်းမှ လေးစားစွာ အကြံပြုအပ်ပါသည်။ ကျွန်တော်တို့တွင် အဖြေမရသေးသော မေးခွန်းများစွာ ရှိပါသည်။ ဥပမာအားဖြင့် "နယ်မြေရှင်းလင်းစစ်ဆင်ရေးများ" စတင်ရန် မီးပွားထစေခဲ့သော ဩဂုတ်လ ၂၅ ရက်နေ့က ရခိုင်ပြည်နယ်တွင်းရှိ တိုက်ခိုက်မှုများနှင့် လွန်ခဲ့သော အချိန်များက ပြုလုပ်ခဲ့သော လုံခြုံရေး တပ်ဖွဲ့များ၏ စစ်ဆင်ရေး အကြောင်းများကို သိလိုပါသည်။ အကြံပြုထားသော ဤအထူးလုပ်ငန်းအဖွဲ့အား တပ်မတော်မှ လည်းကောင်း၊ အစိုးရထံမှ လည်းကောင်း တရားဝင် ထုတ်ပြန်ထားသော ဖြစ်စဉ်ဖြစ်ရပ်တို့ကို တိုက်ရိုက် ဆက်သွယ်ရေးလမ်းကြောင်း အနေနှင့် အသုံးပြုနိုင်သည်။

လက်ရှိအခွင့်အရေးကို အသုံးချ၍ ကျွန်တော်တို့၏ လုပ်ငန်းများအား ချောချောမွေ့မွေ့ဖြစ်စေရန် အကူအညီပေးခဲ့သော နိုင်ငံများအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားချင်ပါသည်။ ပါဝင်သူ မျိုးစုံတို့က သူတို့၏ အထင်အမြင်နှင့် သုတေသနများကို လိုက်လိုက်လျောလျောနှင့် ပေးအမ်းခဲ့ကြပါသည်။ လက်ရှိ ကောင်စီ၏ ဆက်လက် ပံ့ပိုးမှုနှင့် စိတ်ဝင်စားမှုတို့က အဓိကကျပါသည်။ ဤနေရာတွင် လည်းကောင်း၊ နယူးယောက်မြို့တွင် လည်းကောင်း ကုလသမဂ္ဂယန္တရား မျိုးစုံက လှုပ်ရှားပါဝင်နေသည့် အတွက် ကျွန်တော်တို့ ဝမ်းမြောက်မိပါသည်။ လက်ရှိ ကိစ္စ၏လေးနက်မှုသည် ကျွန်တော်တို့ အားလုံး မိမိအပိုင်းကို မိမိ ဖြည့်ဆည်း၍ မြန်မာပြည်ရှိ အကြမ်းဖက်မှု သံသရာကို ဖျက်သိမ်းပြီး၊ ရှိသမျှ နိုင်ငံသားများအားလုံး ဒဏ်ရာများကို အနာကျက်အောင် ဝိုင်းဝန်းလုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

ဤကဲ့သို့ အာရုံစိုက်ပေးသည့် အတွက် ကျေးဇူးတင်ပါသည်။